မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

May 19, 2026 Volume 102 , Number 12

၁၉ ၅. ၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၀.၁၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၉.၁၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၂.၄၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၉၄.၃၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၈.၅၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၇၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၉.၁၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၂၈.၁၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၃၄ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## မြေပဲ၊ နှမ်းစိုက်တောင်သူများအတွက် အာမခံဝယ်ယူမည့် သီးနှံဈေးနှုန်းများ သတ်မှတ်ပေး



ဆီထွက်သီးနှံအများဆုံး စိုက်ပျိုးသည့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြေပဲ၊ နှမ်းစိုက်ပျိုးသည့် တောင်သူများအတွက် အာမခံဝယ်ယူမည့် သီးနှံဈေးနှုန်းများကို မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်များအသင်းက သတ်မှတ်ပေးထားကြောင်း သိရပါတယ်။

အဆိုပါအသင်းအနေဖြင့် လာမည့် သီးနှံပေါ်ရာသီအတွင်း ပစ္စည်းအရည်အသွေးပေါ်မူတည်ပြီး မြေပဲအတောင့်တစ်တင်းလျှင် ငွေကျပ် ၄၀,၀၀၀၊ နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၁၃၀,၀၀၀ - ၁၅၀,၀၀၀၊ နှမ်းညိုတစ်တင်းလျှင် ငွေကျပ် ၁၀၀,၀၀၀ - ၁၂၀,၀၀၀ သတ်မှတ်ပေးထားခြင်း ဖြစ်ပါတယ်။

ထိုသတ်မှတ်ချက်အရမကွေးတိုင်းဒေသကြီးအတွင်းရှိတောင်သူများအနေဖြင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းများ တိုးချဲ့စိုက်ပျိုးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆီထွက်သီးနှံအာမခံဈေးနှုန်းများကို သတ်မှတ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ မြေပဲစိုက်တောင်သူများ စိုက်ပျိုးကုန်ကျစရိတ်ရဲ့ အထက်မှာ သီးနှံပေါက်ဈေးရှိနေအောင် သတ်မှတ်ထုတ်ပြန်ထားခြင်းဖြင့် တောင်သူများ သီးနှံပေါ်ချိန် အာမခံဈေးရှိတာကြောင့် ပိုမိုစိုက်ပျိုးလာနိုင်ရန် အတွက် ဖြစ်တယ်လို့ သိရပါတယ်။

"အာမခံသီးနှံပေါက်ဈေးကို တောင်သူတွေအတွက် အကျိုးအမြတ်ရှိမဲ့ ဈေးနှုန်းဖြစ်အောင်တောင်သူ စိုက်ပျိုးစရိတ်အထက်မှာ သတ်မှတ်ပေးထားပါတယ်။ တောင်သူတွေ ဆီထွက်သီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်အောင် ရည်ရွယ်တာပါ"လို့ မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

မကွေးတိုင်းဒေသကြီးအတွင်း၌ သီးနှံစိုက်ဧက ၆၄ သိန်းကျော်ရှိသည့်အနက် ဆီထွက်သီးနှံစိုက်ဧက ၂၇ သိန်းကျော်ရှိတဲ့အတွက် စိုက်ဧကအားလုံး၏ ၄၂ ရာခိုင်နှုန်းမှာ စိုက်ပျိုးနေတာဖြစ်တယ်လို့ သိရပါတယ်။

မြေပဲနှင့်နှမ်းမျိုးစုံမှာ ဆီကုန်ကြမ်းအနေဖြင့်သာတင်ပို့နေခြင်းဖြစ်ရာ နှစ်စဉ်သီးနှံပေါ်ချိန်ဈေးကျဆင်းမှုများကို တောင်သူများကြုံတွေ့ရတာကြောင့် ယခုလိုသီးနှံအာမခံဈေးနှုန်းများ သတ်မှတ်ပေးခြင်းက တောင်သူများတိုးချဲ့စိုက်ပျိုးလာနိုင်မှာဖြစ်ကြောင်း သိရပါတယ်။

**Source : MyanmarFutureNewsAgency**

## လိပ်သိုဒေသတွင် ပေါ်ဦးပေါ်ဖျား ခြံထွက်ဒူးရင်းသီးများ ဈေးကောင်းရနေ



ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ် လိပ်သိုဒေသ၌ ပေါ်ဦးပေါ်ဖျား ခြံထွက်ဒူးရင်းသီးများ ဈေးကောင်းရနေကြောင်း သိရသည်။

လိပ်သိုဒေသ၌ ဇလဲကျေးရွာအုပ်စု၊ ကော်ပတ်ခြံကျေးရွာ၊ မြသာကုန်းကျေးရွာ၊ ဘိုကလေး၊ အလယ်ချောင်းကျေးရွာများမှ ဒူးရင်းသီး အများဆုံးထွက်ရှိသည်။

ဒူးရင်းပင်များမှာ နိုဝင်ဘာလတွင် အပွင့်များစတင်ပွင့်ပြီး မေလတွင် စတင်ဆွတ်ခူးနိုင်ကာ အသီးများ ကောင်းမွန်စွာရင့်မှည့်မှသာ ဆွတ်ခူးရောင်းချရပြီး အပင်ပေါ်တွင်မှည့်၍ ကြွေကျသောအသီးသည် အရသာပိုမိုကောင်းမွန်ကြောင်း သိရသည်။

လက်ရှိ၌ ဒေသထွက် ဒူးရင်းသီးများကို အလုံးအရွယ်အစားနှင့် အရည်အသွေးပေါ်မူတည်၍ တစ်လုံးလျှင် ကျပ် ၁၂,၀၀၀ မှ ကျပ် ၄၀,၀၀၀ ထိ ဈေးရရှိနေသည်။

ယင်းဒူးရင်းသီးများကို ဒေသတွင်း၌သာမက ပဲခူးတိုင်းဒေသကြီးတောင်ငူမြို့နှင့်အခြားမြို့များသို့လည်း ပို့ဆောင်ရောင်းချကြကြောင်း သိရသည်။

**Source : Popular News Journal**

TIR

## မြန်မာ့စိန်တလုံးသရက် တရုတ်ဝယ်လိုအားကြောင့် ဈေးစွာလာ



မြန်မာ့စိန်တလုံးသရက်သီး တရုတ်နိုင်ငံဈေးကွက်သို့တင်ပို့နိုင်မှု အခြေအနေ အောင်မြင်ခဲ့ခြင်းကြောင့် ပြည်တွင်းဈေးကွက်အတွင်း ဈေးအနည်းငယ်မြင့်တက်လာကြောင်း သိရပါတယ်။

အသီးစပေါ်ချိန် စားသုံးသူလက်ထဲရောက်သည်အထိ သက်တောင့်သက်သာဈေးဖြင့် အပြိုင်အဆိုင်ရောင်းချခဲ့ရသော်လည်း၊ တရုတ်ဈေးကွက်ထိုးဖောက်နိုင်ခဲ့မှုကြောင့် ဈေးနှုန်းအနည်းငယ်မြင့်တက်သွားခြင်းဖြစ်ကြောင်း သရက်သီးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများက ဆိုပါတယ်။

“အစပိုင်းတုန်းကတော့ ဈေးမရလို့ ဈေးပြိုင်လျှော့ရောင်းခဲ့ရတဲ့အဖြစ်ပေါ့ ၊ အခုလိုတရုတ်လမ်းပွင့်သွားတော့ ဈေးလေးနည်းနည်းပိုရလာတာပေါ့၊ ပေါ်ဦးပေါ်ဖျားဈေးမရခဲ့ပေမဲ့ နောက်ပိုင်းမှာ ဈေးကောင်းရမယ်ထင်တာပဲ” လို့ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်မှ စိန်တလုံးသရက်သီးစိုက်တောင်သူတစ်ဦးက ပြောပါတယ်။

ပေါ်ဦးပေါ်ဖျားဈေးမရခဲ့သည့် မြန်မာ့စိန်တလုံးသရက်သီးဈေးကွက်သည် တရုတ်နိုင်ငံသစ်သီးဈေးကွက်သို့ တန်ချိန် ၈၀ ကျော် တင်ပို့နိုင်ခဲ့ပြီးနောက် ရုတ်တရက်ဈေးအနည်းငယ်မြင့်တက်သွားပြီး၊ လက်ကျန်အသီးများမှ Quality ကောင်းသည့် အသီးများကို တရုတ်နိုင်ငံဈေးကွက်သို့တင်ပို့နိုင်ရန် သရက်သီးစိုက်တောင်သူနှင့် လုပ်ငန်းရှင်များက စီစဉ်နေကြကြောင်း သိရပါတယ်။

မြန်မာ့စိန်တလုံးသရက်သီး တန်ချိန် ၈၀ ကျော်ကို၊ တရုတ်နိုင်ငံ ကူမင်း၊ ချိန်တူး၊ ချုံချင့် စသည့်မြို့များရှိ သစ်သီး ဈေးကွက်များသို့ တရုတ်-မြန်မာနယ်စပ်ဂိတ်နှစ်ခု(ချင်းရွှေဟော်ဂိတ်နှင့် ဝမ်တိန်ဂိတ်)မှတစ်ဆင့် ပြီးခဲ့သည့် မေလ ၉ ရက်နှင့် ၁၀ ရက်တို့တွင် တရားဝင်တင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## ကျောက်ဆည်ခရိုင်အတွင်း(မိုးကြို့)ချည်မျှင်ရှည်ဝါများစတင်စိုက်ပျိုး



မန္တလေးတိုင်းဒေသကြီး ၊ ကျောက်ဆည်ခရိုင်အတွင်း ကျောက်ဆည်၊ မြစ်သားမြို့နယ်များတွင် ၂၀၂၆-၂၀၂၇ ခုနှစ်၊ မိုးချည်မျှင်ရှည်ဝါများ ပန်းတိုင်အထွက်နှုန်းရရှိရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိရာ ကျောက်ဆည်မြို့နယ်တွင် ၁၀၅ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၄ ဧက၊ မြစ်သားမြို့နယ်တွင် ၂၁၇၅ ဧက အစောစိုက်ပျိုးထားရှိမှုစုစုပေါင်း စိုက်ပျိုးဧက ၂၂၈၄ ဧက စိုက်ပျိုးထားကြောင်း သက်ဆိုင်ရာဌာန၏စာရင်းများအရ သိရသည်။

ဧပြီလနှင့်မေလများတွင် စတင်စိုက်ပျိုးကြပြီး ဇူလိုင်လနှင့် ဩဂုတ်လများတွင် စတင်ထွက်ရှိမှာဖြစ်ကြောင်း ၊ ကျောက်ဆည်မြို့နယ်အနေဖြင့် မိုးကြို့ချည်မျှင်ရှည်ဝါသီးနှံများကို ကျောက်ဆည်မြို့အရှေ့ဘက် ဖျောက်ဆိပ်ပင်ကျေးရွာ အပါအဝင် ရဲဘော်ကြီး၊မှိုင်းပန်၊ကလေး၊ ရှမ်းတောင်ဦး၊ ရဲယမန်းရွာ၊တောင်တော်၊ ပေါင်လောင်၊ ကင်းကျေးရွာများ နှင့်မြစ်သားမြို့နယ်တွင် ဒိုင်း၊မြနန်ဒီကျေးရွာများတွင်လည်း အများဆုံး စိုက်ပျိုးကြကြောင်း ၊ ဝါစိုက်ပျိုး ရာတွင် ဘောင်ကြောင်းပေးစနစ်ဖြင့် အတန်းလိုက် စိုက်ပျိုးကျကြောင်း ၊ ဝါစိုက်ပျိုးမှုတွင် မျိုးအနေဖြင့် ငွေချည်-၆ ၊ ရွှေတောင် - ၈ မျိုးများကို အများဆုံး စိုက်ပျိုးကြပြီး ၁ ဧကလျှင် မျိုးထုပ်၂-၃ထုပ် အထိ ကုန်ကျကြောင်း ၊ မျိုး ၁ ထုပ် ဈေးနှုန်း အနေဖြင့် ၆၄,၀၀၀-၆၉,၀၀၀ကျပ် ဈေးဖြင့် ဝယ်ယူစိုက်ပျိုးရကြောင်း ၊ စိုက်ပျိုးစရိတ်အနေဖြင့် မျိုး ၊ သွင်းအားစု ၊ လုပ်သားခ အပါအဝင် စုစုပေါင်း ၆၀၀,၀၀၀ ကျပ်ခန့် ကုန်ကျပြီး ၁ ဧကအထွက်နှုန်းအနေဖြင့် ပိဿာ၄၀၀-၅၀၀ ပိဿာခန့် ထွက်ရှိကြောင်း၊ ယခင်ဝါဈေးနှုန်းအနေဖြင့် ဝါ(၁)ပိဿာလျှင် ၃၈၀၀-၄၀၀၀ကျပ် ၊ ဂွမ်း(၁)ပိဿာလျှင်၉၅၀၀-၉၈၀၀ကျပ်၊ အရည်အသွေးကောင်းမွန်သော ဝါအသန့်(၁)ပိဿာလျှင် ၄၂၀၀ ကျပ်၊ ဂွမ်းအကောင်း(၁)ပိဿာလျှင် ၁၀,၀၀၀ကျပ်ဈေးများဖြင့် အအဝယ် ဖြစ်ခဲ့ပြီး စိုက်ပျိုးစရိတ်နုတ်ပြီး ၁,၀၀၀,၀၀၀ ကျပ်ခန့်မြတ်ကြောင်း၊ ယခုလက်ရှိပေါက်ဈေးအနေဖြင့် ဝါ ၁ ပိဿာလျှင် ၄၈၀၀-၅၀၀၀ကျပ်၊ ဂွမ်း ၁ ပိဿာလျှင် ၉၈၀၀-၉၉၀၀ ကျပ်၊ အရည်အသွေးကောင်းမွန်သော ဝါအသန့် ၁ ပိဿာလျှင် ၅၁၀၀ ကျပ် ၊ ဂွမ်းအကောင်း ၁ ပိဿာလျှင် ၁၀,၀၀၀ ကျပ်ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိသည်။

ဝါထွက်ပေါ်ချိန်တွင် တောင်သူများမှ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် မန္တလေးစက်မှုဇုန်၊ ရက်ကန်းစက်ရုံ၊ ချည်မျှင်စက်ရုံများသို့တင်ပို့ရောင်းချလျက်ရှိကြောင်း ဝါထွက်ပေါ်ချိန်တွင်လည်း ဈေးနှုန်းများကောင်းမွန်ပါက တောင်သူများ အကျိုးအမြတ်ပိုမိုဖြစ်ထွန်းနိုင်မည်ဖြစ်သည်။

**Source : DOCA(မန္တလေး)**

## ပေါ်ဆန်းမွှေး(သစ်)ဈေးတက်ပြီး ဧည့်မထဆန်(မနောသုခ)သစ်/ဟောင်းနှင့် ဖွဲနုဈေးတို့ ကျဆင်းကာ ပေါ်ဆန်းမွှေး(ဟောင်း)နှင့် ဆန်ကွဲ B(1,2)/B(2,3,4)ဈေးများ တည်ငြိမ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ဆန်လက်ကျန်၊ စပါး လက်ကျန်အနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်၊ ဆန်ကွဲနှင့်ဖွဲနုဈေးများ အတက်အကျ ဖြစ်ပေါ်လျက်ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် ၁၈.၅.၂၀၂၆ ရက်နေ့တွင် ဧည့်မထဆန်(ဟောင်း)တစ်အိတ် ၇၅,၀၀၀ ကျပ်၊ ဧည့်မထဆန်(သစ်)တစ်အိတ် ၆၅၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း)တစ်အိတ် ၁၂၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်)တစ်အိတ် ၁၂၀,၀၀၀ ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၅၀,၀၀၀ ကျပ်၊ ဆန်ကွဲ B(2,3,4)တစ်အိတ် ၄၅,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၇,၀၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့သည်။

၁၁.၅.၂၀၂၆ ရက်နေ့တွင် ဧည့်မထဆန်(ဟောင်း)တစ်အိတ် ၈၀,၀၀၀ ကျပ်၊ ဧည့်မထဆန်(သစ်)တစ်အိတ် ၇၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း)တစ်အိတ် ၁၂၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်)တစ်အိတ် ၁၁၀,၀၀၀ ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၅၀,၀၀၀ ကျပ်၊ ဆန်ကွဲ B(2,3,4)တစ်အိတ် ၄၅,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၈,၈၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ပေါ်ဆန်းမွှေး(သစ်) တစ်အိတ် ၁၀,၀၀၀ ကျပ် ဈေးတက်ပြီး ဧည့်မထဆန် (မနောသုခ) ဟောင်း တစ်အိတ် ၅၀၀၀ ကျပ်၊ ဧည့်မထဆန်(မနောသုခ)သစ် တစ်အိတ် ၅၀၀၀ ကျပ်၊ ဖွဲနု တစ်အိတ် ၁၈၀၀ ကျပ် တို့ ဈေးကျဆင်းကာပေါ်ဆန်းမွှေး(ဟောင်း)နှင့်ဆန်ကွဲ B(1,2)/B(2,3,4)တို့မှာဈေးငြိမ်လျက်ရှိနေသည်။

ပေါ်ဆန်းမွှေး(သစ်) ဈေးတက်ရခြင်းမှာ ဝယ်လိုအားကောင်းနေခြင်းကြောင့်ဖြစ်ပြီး ဧည့်မထဆန်(မနောသုခ) ဟောင်း/ သစ်နှင့် ဖွဲနု ဈေးကျဆင်းရခြင်းမှာ ဝယ်လိုအားနည်းခြင်းကြောင့်ဖြစ်ကြောင်း ပဲခူးကုန်စည်ဒိုင်မှ သိရသည်။

Source : ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး

## သကြားကြမ်း၊ သကြားဖြူနှင့် သန့်စင်သကြားတင်ပို့မှု ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်အထိ အိန္ဒိယနိုင်ငံပိတ်ပင်

အိန္ဒိယနိုင်ငံသည် ပြည်တွင်းဈေးနှုန်းများ တည်ငြိမ်စေရန်နှင့် ရောင်းလိုအားကြပ်တည်းလာမှု အခြေအနေကို တည်ငြိမ်စေရန်ရည်ရွယ်၍ သကြားကြမ်း(Raw Sugar)၊ သကြားဖြူ(White Sugar)နှင့် သန့်စင်သကြား(Refined Sugar)တင်ပို့မှုကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်အထိ ပိတ်ပင်လိုက်သည်။

ကမ္ဘာ့ဒုတိယအကြီးဆုံးသကြားထုတ်လုပ်သည့်နိုင်ငံဖြစ်သော အိန္ဒိယသည် ၂၀၂၆ ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင် Notification No. 16 / 2026-27 ဖြင့် သကြားတင်ပို့မှုမူဝါဒကို ယခင် “Restricted” (ကန့်သတ်) မှ “Prohibited” (ပိတ်ပင်) အဖြစ် ပြောင်းလဲသတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

“အဆိုပါပိတ်ပင်မှုသည် CXL(Codex Maximum Residue Limit)နှင့် TRQ(Tariff Rate Quota)စနစ်အောက်မှ EU နှင့် အမေရိကန်နိုင်ငံများသို့ တင်ပို့မှုများ၊ Advance Authorization Scheme ၊ G to G တင်ပို့မှုများနှင့် လက်ရှိတွင် တင်ပို့မှုလုပ်ငန်းစဉ်အတွင်း ရောက်ရှိနေပြီဖြစ်သော ကုန်စည်များအပေါ် သက်ရောက်မှုမရှိကြောင်း” အိန္ဒိယပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (Directorate General of Foreign Trade-DGFT) က ပြောကြားထားသည်။

အိန္ဒိယသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် ယင်းသကြားအမျိုးအစားများကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံတင်ပို့ခဲ့ပြီး အဓိကတင်ပို့သည့်နိုင်ငံများမှာ ဆူဒန်၊ လစ်ဗျား၊ ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာ တို့ဖြစ်ကြောင်း ဖော်ပြထားသည်။

အသိပေးအကြောင်းကြားစာအရ တရားဝင်ကြေညာချက်မထုတ်ပြန်မီ သင်္ဘောပေါ်သို့ သကြားတင်ဆောင်မှု စတင်ပြီးဖြစ်ခြင်း၊ Shipping Bill တင်သွင်းပြီးဖြစ်ခြင်း၊ သင်္ဘောသည် အိန္ဒိယဆိပ်ကမ်းတွင် ဆိုက်ကပ်ထားခြင်း သို့မဟုတ် ဆိပ်ကမ်း

အာဏာပိုင်မှ Rotation Number ချထားပြီးဖြစ်ပါက တင်ပို့မှုကို ဆက်လက်ခွင့်ပြုမည်ဖြစ်ကြောင်း ဖော်ပြထား သည်။

ထို့ပြင် အသိပေးအကြောင်းကြားမထုတ်ပြန်မီ အကောက်ခွန်ဌာန သို့မဟုတ် ထိန်းသိမ်းရေးတာဝန်ရှိသူများထံ လွှဲပြောင်းထားပြီးဖြစ်သော ကုန်ပစ္စည်းများကိုလည်း ဆက်လက်ရှင်းလင်းပေးသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**Source: India prohibits raw, white & refined sugar export till Sept 30: The Economic Times: May 14, 2026.**

**(လွင်ကိုကိုမောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

## ကမ္ဘာ့ဆန်ထုတ်လုပ်မှုသည် ဆယ်စုနှစ်တစ်ခုအတွင်း ပထမဆုံးအကြိမ်လျော့ကျမည်ဟု USDA ခန့်မှန်း

ကမ္ဘာ့ဆန်ထုတ်လုပ်မှုသည် ဆယ်စုနှစ်တစ်ခုအတွင်း ပထမဆုံးအကြိမ်အဖြစ် လျော့ကျလာမည်ဟုခန့်မှန်းထားပြီး၊ ကမ္ဘာ့အဓိကအစားအစာတစ်မျိုးဖြစ်သော ဆန်ရရှိနိုင်မှုပိုမိုကြပ်တည်းလာနိုင်ကြောင်း ဖော်ပြထားသည်။

လာမည့် ၂၀၂၆-၂၀၂၇ ရာသီအတွက်ဆန်ထုတ်လုပ်မှုပမာဏသည် တန်ချိန် ၅၃၈ သန်းခန့်သာရှိမည်ဟုခန့်မှန်းထားပြီး၊ ယင်းသည် ၁၁ နှစ်အတွင်း ပထမဆုံးအကြိမ်ကျဆင်းမှုဖြစ်ကြောင်း အမေရိကန်စိုက်ပျိုးရေးဦးစီး ဌာန(United States Department of Agriculture-USDA)က ၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင်ထုတ်ပြန်သည့် ကမ္ဘာ့စိုက်ပျိုးရေးအစီရင်ခံစာတွင်ဖော်ပြထားသည်။

အကြီးမားဆုံးကျဆင်းမှုများကို အိန္ဒိယ၊ မြန်မာနှင့် အမေရိကန်တို့တွင်တွေ့ရှိရပြီး လယ်သမားများစိုက်ပျိုးမှုလျော့နည်းလာသောကြောင့် ယခင်နှစ်ကထက် စပါးထွက်ရှိမှုနှုန်း ၁၅ ရာခိုင်နှုန်းကျဆင်းသွားကြောင်းဖော်ပြထားသည်။ စံချိန်တင်စားသုံးမှုနှင့် ကုန်သွယ်မှုများတိုးလာသဖြင့် ကမ္ဘာ့ဆန်လက်ကျန်ပမာဏကိုလည်း အကန့်အသတ်ဖြစ်လာစေမည်ဖြစ်သည်။

USDA က အကြောင်းရင်းကို အသေးစိတ်မဖော်ပြထားသော်လည်း အီရန်စစ်ပွဲကြောင့်ဖြစ်ပေါ်လာသော ဓာတ်မြေဩဇာနှင့် စွမ်းအင်ကုန်ကျ စရိတ်မြင့်တက်မှုများသည် အာရှရှိ လယ်သမားများ၏ စိုက်ပျိုးမှုများကို ထိခိုက်စေပြီး ဆန်ထုတ်လုပ်မှုကျဆင်းလာစေသည်ဟု ဆိုနိုင်သည်။ ဓာတ်မြေဩဇာအသုံးများသော သီးနှံဖြစ်သည့်ဆန်အတွက် လယ်သမားအချို့သည် ရာသီသစ်တွင် စိုက်ပျိုးခြင်းမပြုရန်စဉ်းစားနေကြသည်။

ထို့ပြင် ကမ္ဘာ့ထိပ်တန်း ဆန်စိုက်ပျိုးထုတ်လုပ်သည့် အိန္ဒိယနိုင်ငံတွင်လည်း ဇွန်လတွင် စတင်သည့်မုတ်သုန်ရာသီသည် El Niño ရာသီဥတုဖြစ်စဉ်ကြောင့် အားလျော့နိုင်သည်ဟု ခန့်မှန်းချက်များကြောင့် သီးနှံထွက်ရှိမှုကို ထိခိုက်နိုင်ကြောင်း၊ သို့သော် အိန္ဒိယ၏ ဆန်တင်ပို့မှုမှာ ဆက်လက်အားကောင်းနေမည်ဖြစ်ကြောင်း ခန့်မှန်းထားပြီး အမေရိကန်၏တင်ပို့မှုမှာ လျော့ကျမည်ဖြစ်ကြောင်း USDA က ပြောကြားသည်။

အထူးသဖြင့် အာရှနိုင်ငံများတွင်ဆန်သည် အဓိကအစားအစာဖြစ်သည့်အတွက် ဆန်ရရှိနိုင်မှုလျော့နည်းလာခြင်းသည် ဈေးနှုန်းများမြင့်တက်လာစေနိုင်ပြီး အဆိုပါကိစ္စရပ်သည် ဈေးနှုန်းဖောင်းပွမှုကိုဖြစ်စေနိုင်သည်၊ ဖိလစ်ပိုင်နိုင်ငံအပါအဝင် အချို့နိုင်ငံများတွင်လည်း ဈေးနှုန်းအနည်းငယ်မြင့်တက်မှုများရှိနေပြီဖြစ်ကြောင်း ဖော်ပြထားသည်။

လက်ကားဈေးကွက်တွင် အာရှတွင် စံညွှန်းတစ်ခုအဖြစ် သတ်မှတ်ထားသော ထိုင်းဆန်ဖြူဈေးနှုန်းသည် မတ်လနှောင်းပိုင်းမှစ၍ ၁၅ ရာခိုင်နှုန်းခန့်မြင့်တက်လာခဲ့သည်။ ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့ (Chicago Board of Trade) ၏ အနာဂတ်ဆန်ဈေးနှုန်းသည် ပြီးခဲ့သည့်အပတ်က ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ယင်းသည် နှစ်နှစ်အတွင်း အမြင့်ဆုံး ဖြစ်ခဲ့သည်။

စစ်ပွဲကြောင့် စွမ်းအင်ဈေးနှုန်းများမြင့်တက်လာခြင်းသည် ဆန်တင်ပို့သည့်နိုင်ငံအများစုတွင် ထုတ်လုပ်မှုနှင့် ဈေးကွက်တင်ပို့မှုကုန်ကျစရိတ်များကိုမြင့်တက်စေပြီး ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(FAO)၏ဆန်ဈေးညွှန်းကိန်းလည်း မြင့်တက်လာကြောင်း ဖော်ပြထားသည်။

**Source: Global rice production set to fall for first time in decade: The Economic Times: May 14, 2026.**

**(လွင်ကိုကိုမောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့**

# STOCK EXCHANGE (19.5.2026)

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m. 14th May. 2026

| Trading Volume | Trading Value |
|---|---|
| 17,698 (Shares) | 90,923,850 (MMK) |

### Main Board

As of 1:00 p.m. 14th May. 2026

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,184 (Shares) | 86,462,650 (MMK) |

| MYANPIX | 607.79 ▼ 5.76 |
|---|---|
| Total Volume (shares) | 17,184 |
| Total Value (MMK) | 86 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,152,910 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 13,500 | ▼ 500 |
| MTSH | 00002 | 6,500 | ▲ 100 |
| MCB | 00003 | 9,400 | ▲ 0 |
| FPB | 00004 | 4,400 | ▲ 0 |
| TMH | 00005 | 3,250 | ▼ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 3,950 | ▲ 0 |
| MAEX | 00008 | 4,200 | ▲ 100 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 18th May. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 608.89 | +0.76 | +0.12% | 608.13 | 616.52 | 605.74 | 16,939 | 91,085,000 | 8 | 1,154,984 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m. 18th May. 2026

| Trading Volume | Trading Value |
|---|---|
| 27,193 (Shares) | 160,544,000 (MMK) |

### Main Board

As of 1:00 p.m. 18th May. 2026

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 26,939 (Shares) | 156,085,000 (MMK) |

| MYANPIX | 608.89 ▲ 0.76 |
|---|---|
| Total Volume (shares) | 16,939 |
| Total Value (MMK) | 91 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,154,984 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 13,500 | ▲ 0 |
| MTSH | 00002 | 6,500 | ▲ 0 |
| MCB | 00003 | 9,300 | ▼ 100 |
| FPB | 00004 | 4,500 | ▲ 100 |
| TMH | 00005 | 3,250 | ▼ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 3,950 | ▲ 0 |
| MAEX | 00008 | 4,200 | ▲ 0 |